# မြိတ်ကျွန်းစုဒေသနှင့် အနီးတဝိုက်ရှိကမ်းခြေဒေသများတွင် ဆောက်လုပ်ရေးလုပ်ငန်းများပြုလုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား အသုံးပြုကာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ခွင့်ပြုချက်အတွက် လိုအပ်ချက်များကို ချမှတ်ခြင်း

မြိတ်ကျွန်းစုဒေသနှင့် အနီးတဝိုက်ရှိကမ်းခြေဒေသများသည် ရှုပ်ထွေးနက်နဲပြီး ထိခိုက်ပျက်ဆီးလွယ်သော တစ်ခုနှင့် တစ်ခု ဆက်နွယ်နေသည့် ဂေဟစနစ်များ၏ အစုအဖွဲ့ဖြစ်သည်။ ထို့အပြင် ၎င်းတို့ကို ပြည့်စုံစွာ သုတေသနပြုပြီး လေ့လာသိရှိထားခြင်းမျိုး မရှိပေ။ အဆိုပါကျွန်းစုများသည် ယူနက်စကို၏ ဇီဝစနစ် အသိအမှတ်ပြု (UNESCO Biosphere Status) ရရှိရန် အလားအလာကောင်းသည့် နေရာတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်ကတည်း မြန်မာနိုင်ငံက ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိအမှတ်ပြု နေရာများ (UNESCO World Heritage Status) အတွက် အကြမ်းပျဉ်း တင်သွင်းခဲ့သည့် စာရင်းတွင် ပါဝင်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြိတ်ကျွန်းစုဒေသရှိ ကျွန်းအချို့တွင် ဟိုတယ်နှင့် ပုလဲမွေးမြူရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခွင့်အား ထုတ်ပေး ထားပြီးဖြစ်သည်။ ကော်မရှင်အနေဖြင့် အဆိုပါ ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးကြီးသည့်အနေအထားအပေါ် အသေးစိတ် အချက်အလက်များ ပြည့်စုံစွာမရှိဘဲ အဆိုပါခွင့်ပြုချက်များကို ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

၂၀၁၇ခုနှစ် ဧပြီလနှင့် မေလက Fauna and Flora International (FFI) သည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအား ရေးဆွဲတင်ပြခဲ့သော မြေပုံတွင် မြိတ်ကျွန်းစုဒေသနှင့် အနီးတဝိုက်ရှိ ကမ်းခြေဒေသများတွင် ရှိသော အရေးကြီးသည့် အဓိကသဘာဝဂေဟစနစ်ဆိုင်ရာ နေရာများနှင့် အခြားအရေးပါသည့် နေရာများ အား ဖော်ထုတ်တင်ပြထားသည်။ အဆိုပါ မြေပုံပါအချက်အလက်များသည် ပင်လယ်နှင့် ကမ်းရိုးတန်း ဒေသများရှိ သဘာဝဂေဟစနစ်အား လေးနှစ်ကြာ သုတေသနပြုလေ့လာချက်များကို အခြေခံကာ ပြုစုထားခြင်းဖြစ်သည်။ အဏ္ဏဝါဇီဝမျိုးစိတ်များ၏ အရေးပါမှု အနေအထားများအလိုက် အဆိုပါနေရာများကို မတူညီသော အရောင်များဖြင့် ဖော်ပြထားပါသည်။

မြေပုံတွင်ဖော်ပြထားသည့် သတင်းအချက်အလက်များကို အမြဲတမ်း မွမ်းမံသွားမည်ဖြစ်ပြီး ၎င်းတို့ကို မြိတ်ကျွန်းစုဒေသတွင်းရှိ ဇီဝမျိုးစိတ်များ၏ တန်ဖိုးများနှင့် ပတ်သက်သည့် သတင်းအချက်အလက်သစ် အနေဖြင့် ဖော်ပြနိုင်မည်ဖြစ်သည်။ ကျွန်းပေါ်တွင်နေထိုင်သော ဇီဝမျိုးစိတ်ကွဲများကိုမူ လေ့လာပြုစုနိုင်ခြင်း မရှိသေးပါ။ ထို့အပြင် ဒေသရှိဌာနေတိုင်းရင်းသားများ(ဆလုံလူမျိုး)နှင့် ပတ်သက်၍လည်း သတင်းအချက်အလက် အပြည့်အစုံ ရရှိနိုင်ခြင်း မရှိသေးပါ။ Oikos သည် မနုဿဗေဒပညာရှင် Dr Maxime Boutry နှင့် ဆလုံလူမျိုးများနှင့်အတူ လက်တွဲကာ မြိတ်ကျွန်းစုဒေသရှိ ဆလုံလူမျိုးများဆိုင်ရာ ယဉ်ကျေးမှုနှင့် ယုံကြည်မှုဆိုင်ရာ မြေပုံကို ပြုစုလျက်ရှိပါသည်။

အချက်အလက်များ ပြည့်စုံလုံလောက်မှုမရှိသည့် အနေအထားအရ လည်းကောင်း၊ မြိတ်ကျွန်းစုဒေသအား ယူနက်စကိုအသိအမှတ်ပြုနေရာတစ်ခုအဖြစ် သတ်မှတ်ခံရရန် အလားအလာကောင်းများ ရှိနေခြင်းကြောင့် လည်းကောင်း မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) နှင့် FFIတို့က ဒေသတွင် ဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများခွင့်ပြု လုပ်ကိုင်ရာတွင် ဒေသအပေါ် ထိခိုက်ပျက်ဆီးမှုများ မဖြစ်ပေါ်လာစေရန် ကြိုတင်ပြင်ဆင်ပြီး သတိကြီးစွာထားရှိကာ အချိန်ယူကာ စဉ်းစားလုပ်ဆောင်သည့် နည်းလမ်းကို အသုံးပြုရန် အကြံပြုတင်ပြလိုပါသည်။

## မြေပုံ၏ရည်ရွယ်ချက်

ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုချက်ရရှိပြီးသား ရပ်နားထားရသော လုပ်ငန်းများအား မည်သည့် အနေအထားများအောက်တွင် ဆက်လက်လုပ်ကိုင်ခွင့်ပြုသင့်သည်ဆိုသည့် အချက်ပေါ်တွင် ၂၀၁၇ အစောပိုင်းတွင် ဆုံးဖြတ်ချက် ချနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဝန်ကြီးဌာနနှင့် သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အပါအဝင် မြန်မာနိုင်ငံရှိ တာဝန်ရှိအဖွဲ့အစည်းများအား မြေပုံအား လက်ရှိအနေအထားအတိုင်း တင်ပြအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကခွင့်ပြုချက် ပြန်လည်သုံးသပ် ထုတ်ပေးရန်ရှိသော ပျက်ဆီးလွယ်သည့် အဓိက ကမ်းရိုးတန်းဒေသများရှိ စီမံကိန်းလုပ်ငန်းများအားလုံး (နှင့် အခြားသော စီမံကိန်းအသစ်များ)အတွက် အစိုးရအနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာသက်ရောက်မှုများအား လျှော့ချပေးနိုင်ရန် ခွင့်ပြုသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းများအား တင်းကျပ်သော စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ စည်းမျဉ်းဥပဒေများချမှတ်ရန်လိုအပ်ကြောင်း အကြံပြုတင်ပြလိုပါသည်။

ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရန် လိုအပ်သော ကုမ္ပဏီများအတွက် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ကို ၂၀၁၅ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုလုပ်ထုံးလုပ်နည်း (2015 Environmental Impact Assessment (EIA) Procedure) တွင် ဖော်ပြထားသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းတွင် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ကာကွယ်ပေးသည့် ဥပဒေများအပါအဝင် မြန်မာနိုင်ငံတွင် လက်ရှိ ကျင့်သုံးနေသော ဥပဒေများအား ပေါင်းစပ်ထည့်သွင်းထားသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု (EIA) လုပ်ငန်းစဉ်တွင် သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကုမ္ပဏီက တင်ပြသည့် EIA နှင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ(Enironmental Management Plan (EMP))ကို ခွင့်ပြုခြင်းနှင့် သင့်လျော်သည့် စောင့်ကြည့်သည့် အစီအစဉ်နှင့်အတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာသည့်အသိမှတ်ပြုလက်မှတ် (Environmental Compliance Certificate (ECC)) ကို

ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်ရန် ပါရှိသည်။ ECC တွင် ဥပဒေတစ်ရပ်ဖြစ်ပြီး အမှန်တကယ် လိုက်နာရမည့် ဥပဒေဆိုင်ရာ ဝန်ခံကတိတစ်ရပ်ဖြစ်ရာ လိုက်နာရန်ပျက်ကွက်ပါက လုပ်ငန်းအား ဖျက်သိမ်းခြင်းသို့မဟုတ် ဒဏ်ကြေးပေးဆောင်ရခြင်းတို့အထိ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။

သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စီမံကိန်းများအား လေ့လာဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု (EIA) တစ်ရပ်အတွက် သင့်လျော်သော လိုအပ်ချက်ကို ဆုံးဖြတ်ပေးရန် တာဝန်ရှိသည့် တစ်ခုတည်းသော ဌာနဖြစ်ပါသည်။ အခန်းပေါင်း ၂၀၀နှင့် အထက်ရှိသော ဟိုတယ်စီမံကိန်းများအားလုံးအတွက် EIA နှင့် အခန်းပေါင်း ၈၀နှင့် အထက်ရှိသော ဟိုတယ်စီမံကိန်းများတွင် IEE လုပ်ဆောင်ရန် အခြေခံလိုအပ်ချက်တစ်ရပ်အပြင် EIA လုပ်ထုံးလုပ်နည်း ပုဒ်မ ၂၅ တွင်

*"စီမံကိန်းသည် အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသည့် နေရာဒေသများဖြစ်သည့် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးအပါအဝင် သစ်တောထိန်းသိမ်းရေးဧရိယာ၊ အများပြည်သူဆိုင်ရာသစ်တော၊* ***အဏ္ဏဝါဥယျာဉ်အပါအဝင်ဥယျာဉ်၊ ဒီရေတောရေဝပ်ဧရိယာ၊ အခြားအရေးပါသော ကမ်းရိုးတန်းဒေသများ၊*** *သဘာဝဘေးမဲ့တော၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသောနယ်မြေ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ ဘူမိရုပ်ဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရ နေရာ၊ ဝန်ကြီးဌာနက သတ်မှတ်ကြေငြာထားသော အခြား သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ထိန်းသိမ်းကာကွယ်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာနှင့် ထိန်းသိမ်းကာကွယ်ထားသော ရှေးဟောင်းသုတေသနဆိုရာ သို့မဟုတ် သမိုင်းဆိုင်ရာ အထင်ကရ နေရာများတွင် တည်ရှိနေခြင်း သို့မဟုတ် အကန့်အသတ် မရှိပါဝင်နေဖြင်း သို့မဟုတ် ယင်းနေရာများအပေါ် ကြိုတင်သိမြင်နိုင်သော ဆိုးကျိုးသက်ရောက်မှုရှိနိုင်သည့် ကိစ္စရပ်အားလုံးတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည်။"* ဟု ဖော်ပြထားသည်။ ထို့အပြင် ပုဒ်မ ၂၈ (စ) **ထိခိုက်ပျက်စီးလွယ်သော ဂေဟာစနစ်တည်ရှိရာ နေရာဒေသများအား ထိန်းသိမ်းကာကွယ်ခြင်း** - သည်လည်း လေ့လာဆန်းစစ်ရာတွင် သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စဉ်းစားလုပ်ဆောင်ရမည့်အချက်အဖြစ် ထည့်သွင်းထားသည်။

အထက်ပါအချက်များတွင် ဖော်ပြထားသည့်အတိုင်း ကျွန်းစုများပေါ်တွင်နှင့် ထိခိုက်ပျက်ဆီးနိုင်သည့် ကမ်းရိုးတန်းနေရာများ တွင် စီးပွားဖြစ်လုပ်ကိုင်သော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအားလုံးသည် ဆောက်လုပ်ရေးလုပ်ငန်းများ မစတင်မီကပင် ပြည့်စုံသည့် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်မှု(EIA)တစ်ရပ်ကို ရေပေါ်ရေအောက် ကျွမ်းကျင်သည့် လက်မှတ်ရှိပြီး ဇီဝဗေဒပညာရှင်အဖွဲ့ဝင်များ ပါဝင်သည့် မှတ်ပုံတင်ထားသည့် အကြံပေးပညာရှင်များနှင့် လုပ်ကိုင်ရန် လိုအပ်သည်ဆိုသည့်အချက်ကို အကြံပြု တင်ပြအပ်ပါသည်။

ထိုအချက်အား ထိရောက်ကောင်းမွန်စွာနှင့် အမြဲတမ်းမှန်ကန်တိကျစွာ အကောင်အထည်ဖော်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အအုံအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အသေးစိတ်လိုအပ်ချက်များအား ရေးဆွဲထားသင့်ပြီး အဆိုပါလိုအပ်ချက်များကို သဘာဝအရင်းအမြစ်နှင့်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက EIA လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် လျောက်ထားသည့် ကုမ္ပဏီသို့ တရားဝင် ညွှန်ကြားသင့်ပါသည်။ အဆိုပါ လိုအပ်ချက်များအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် တနင်္သာရီတိုင်း ဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီတို့မှ တဆင့် အဆိုပါ ဒေသရှိ ရင်းနှီးမြှုပ်နှံမည့်သူများအား သိရှိအောင် ဆောင်ရွက်သင့်ပါသည်။

အချို့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်ထားရှိမှုများသည် မြန်မာနိုင်ငံတွင် ရှိပြီးဖြစ်သော်လည်း အချို့အချက်များမှာလစ်ဟာလျှက်ရှိနေပါသည် (နောက်ဆက်တွဲ ၁ တွင် ကြည့်ရှု နိုင်သည်)။ ထိုလစ်ဟာချက်များသည် ကမ်းရိုးတန်းနှင့် အလားတူ ထိခိုက်ပျက်ဆီးလွယ်သော ကျွန်းများ အတွက် နိုင်ငံတကာ/ဒေသဆိုင်ရာ စံနှုန်းများကို အသစ်ပြဌာန်းခြင်း(သို့) ဥပဒေ (သို့) ညွှန်းကြားချက်ကို ပြင်ဆင်ဖြည့်စွက်ခြင်း (သို့) EIA ခွင့်ပြုသည့် လိုအပ်ချက်များတွင်လည်းကောင်း ထည့်သွင်းချမှတ်ခြင်းဖြင့် ဖြည့်ဆည်းနိုင်သည်။

မြန်မာနိုင်ငံရှိ စံနှုန်းများ/ကဏ္ဍအလိုက် EIA ညွှန်ကြားချက်များကို ချမှတ်ရန်ရှိနေသေးရာ စီမံကိန်းများအားလုံးသည် Building Code အပါအဝင် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာသင့်သည်။ ထို့အပြင် ၄င်းတို့၏ EIA နှင့် EMP များ၏ ရည်ရွယ်ချက်များအတွက် သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက လက်ရှိ အကိုးအကားအဖြစ် အသုံးပြုသော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation (IFC)) ၏ ရေရှည်တည်တံ့ခိုင်မြဲရေးမူဘောင်များ (IFC Sustainability Framework) အထူးသဖြင့် အောက်ပါအချက်များကို အသုံးပြုသင့်သည့်။

- IFC၏ လုပ်ဆောင်မှုစံသတ်မှတ်ချက်များ
- IFC၏ အလုပ်သမားနှင့် လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ငန်းများနှင့် ပက်သက်သည့် ကောင်းမွန်သောနိုင်ငံတကာစံသတ်မှတ်ချက်များ၊ သဘာဝအရင်းအမြစ်ကို မပျက်စီးစေပဲထိရောက်စွာ အသုံးပြုခြင်းနှင့် ပတ်န်းကျင် ညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်ခြင်းတို့များ
- IFC၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုလုပ်ကိုင်ရာတွင် လိုက်နာရမည့် စည်းမျဉ်းတို့ဖြစ်သည်။

သို့သော်ငြားလည်း တင်းတင်းကျပ်ကျပ်ကွပ်ကဲစီမံသည့် နေရာထိုင်းခင်းမျိုး သို့မဟုတ် ခရီးသွား လုပ်ငန်းများ အထူးသဖြင့် ရေငုပ်ခြင်းလုပ်ငန်းများသည် ဝင်ငွေတိုးလာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ထိန်းသိမ်းမှုနှင့် အခြားအရင်းအမြစ်များ ပျက်ဆီးခြင်းကို ကာကွယ်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကို အားပေးနိုင်သည့် လုပ်ငန်းများ မဟုတ်ပါက ထိခိုက်ပျက်ဆီးမှု အဖြစ်လွယ်ဆုံးဒေသများတွင် လုပ်ဆောင်သည့်လုပ်ငန်းများအား ပို၍တင်းကျပ်သည့်လိုအပ်ချက်များကို ချမှတ်သင့်ပါသည်။

ခွင့်ပြုနိုင်သည့်လုပ်ငန်းများ၊ စံနှုန်းများနှင့် လိုအပ်ချက်များအား အောက်တွင်ဖော်ပြထားသော အကြံပြုတင်ပြသည့် နည်းလမ်းအား မြေပုံတွင် ထိခိုက်နိုင်ခြေအလိုက် မတူညီသည့် အရောင်များဖြင့် ဇရိယာအလိုက်ဖော်ပြထားပါသည်။ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်ကူပြုဌာန MCRB သည် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း နှင့်အတူ Helmsley Trust ၏ ရန်ပုံငွေဖြင့် လုပ်ဆောင်ရန်ကတိပြုထားသည့် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် "ကဏ္ဍအလိုက် EIA လမ်းညွှန်ချက်များ" (EIA Sectoral Guidelines) ပြုစုဆဲ ကာလတွင် ဤနည်းလမ်းကို သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရတို့အတွက် လမ်းညွှန်တစ်ရပ်အနေဖြင့် အသုံးပြုရန် အကြံပေးတင်ပြ အပ်ပါသည်။

**ဇုန်အလိုက် ခွင့်ပြုနိုင်သည့်လုပ်ငန်းများနှင့် ထပ်တိုးထားရှိသင့်သည့် စံနှုန်းများနှင့် လိုအပ်ချက်များ**

အောက်ဖော်ပြပါအချက်များသည် မြိတ်ကျွန်းစုဒေသရှိ စီမံကိန်းအားလုံးအတွက် အထက်ဖော်ပြပါ လိုအပ်ချက်များအပြင် ထပ်တိုးထားရှိသင့်သည့် အချက်များဖြစ်သည်။

**အနီရောင် - အဓိက ထိန်းသိမ်းရေးနယ်မြေများ** -အရေးကြီးသော ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းရန်

- ခရီးသွားများလာရောက်မှုကို တင်းကျပ်စွာ စည်းကမ်းချမှတ် ကန့်သတ်ထားသင့်
- သဘာဝအရင်းအမြစ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) အောက်ရှိ Nature and Wild Life Conservation Directorate ၏ ခွင့်ပြုချက်မပါဘဲ ခရီးသွားလုပ်ငန်းတိုးတက်ရေး အတွက် လုပ်ကိုင်ခွင့်မပြုသင့်။ ချွင်းချက်အားဖြင့် NWCD/MONREC တို့ကခွင့်ပြုသည့် ရေငုပ်ခြင်းနှင့် လှေအသုံးချပြီး လည်ပတ်သည့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းငယ်များအား ခွင့်ပြုပေးနိုင်မည် ဖြစ်သည်။
    - အသုံးပြုမည့် အကြီးဆုံးအရွယ်အစား/ဒီဇိုင်းနှင့် ပုံစံတို့ကို သတ်မှတ်ပေးရန်
    - ဆောက်လုပ်ရေး၊ စွမ်းအင်၊ ရေ၊ အမှိုက်နှင့် ကျောက်ဆူးချခြင်း စသည်တို့အား တင်းကျပ်သည့် စည်းကမ်းသတ်မှတ်ချက်များထားရှိရန်
    - အထူးသဖြင့် ဇီဝမျိုးစိတ်များအားကာကွယ်ပေးရန် အတွက် နေရာအလိုက် တိကျသည့် လိုက်နာရန်အချက်များ ထားရှိရန်

**လိမ္မော်ရောင်- အဓိက ထိန်းသိမ်းရေးနယ်မြေများ-** အရေးကြီးသော ဒီရေတောနှင့် ရွံ့နွံပြင်ဂေဟစနစ်များကို ကာကွယ်ရန်

- ဒီရေတောများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရှင်းလင်းခြင်းမပြုလုပ်ရန်

အဝါရောင်- **ကြားခံနယ်မြေများ -** ထိခိုက်လွယ်သောဂေဟစနစ်များအား ကာကွယ်ရန်နှင့် ရေရှည်တည်တံ့စွာ ကမ်းရိုးတန်းနှင့် အဏ္ဏဝါအရင်းအမြစ်များအား စီမံခန့်ခွဲနိုင်ရန်


- အပန်းဖြေနေရာ/ဟိုတယ်များ ခွင့်ပြုနိုင်သည်။ သို့သော် တင်းကျပ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအောက်တွင် ထားရှိခွင့်ပြုသင့်သည် (ထပ်မံ ဖော်ထုတ်ရန်)
    - အသုံးပြုမည့် အကြီးဆုံးအရွယ်အစား/ဒီဇိုင်းတို့ကို သတ်မှတ်ပေးရန်
    - ဆောက်လုပ်ရေး၊ စွမ်းအင်၊ ရေ၊ အမှိုက်နှင့် ကျောက်ဆူးချခြင်း စသည်တို့အတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန်

အပြာရောင် **- ဒေသက ထိန်းသိမ်းသည့် ပင်လယ်ဇရိယာများ (LMMAs)**
**အဝါရောင်တွင် ဖော်ပြချက်များအပြင် ထပ်မံဖြည့်စွက်ချက်ခြင်း**

- LMMAs ကော်မတီများမှ ခွင့်ပြုချက်ဖြင့် အပန်းဖြေနေရာ/ဟိုတယ်များအား ခွင့်ပြုသင့်သည်
- ရေလုပ်ငန်းဦးစီးက ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်ရေးများ လုပ်ကိုင်သင့်သည်

ခရမ်းရောင် **- မပျက်ဆီးသေးသည့် ဒီရေတောဧရိယာများရှိသည့် မြေ**

၂၀၁၇ခုနှစ် မေလ ၁၂ ရက် - မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာနနှင့် Flora and Fauna International




Annex 1: The hierarchy of environmental and social safeguards in Myanmar (source: MCRB)